Embassy of the Republic of the Union of Myanmar
Via Cortina D Ampezzo No. 50 Rome, Italy
Tel: +39 06 36303753, Fax: +39 06 36298566
Email: merome2010@gmail.com

## ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ အသိပေးကြေညာချက်

## ကြေညာချက်အမှတ် ၊ ၉ /၂၀၂၀

၁။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မိမိဆန္ဒအလျောက် ကြိုတင်ဆန္ဒမဲပေးလိုသည့် အီတလီ၊ ပေါ်တူဂီ၊ ရိုမေးနီးယားနှင့် ဂရိနိုင်ငံတို့၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများက **သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ (ပုံစံ-၁၅)** ကို ရက်တိုးမြှင့်၍ လက်ခံလျက်ရှိရာ မြန်မာသံရုံး၊ ရောမမြို့သို့ ပုံစံ (၁၅) ပေးပို့ထားခြင်းမရှိသေးပါက **၁၆-၈-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍** မြန်မာသံရုံး၊ ရောမမြို့၏ အီးမေးလ်လိပ်စာ **generalelection2020merome@gmail.com** သို့ ပြည့်စုံစွာ ဖြည့်စွက်ထားသော **ပုံစံ (၁၅)**၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ မြန်မာနိုင်ငံရှိ အိမ်ထောင်စုစာရင်းမိတ္တူတို့နှင့်အတူ ပေးပို့နိုင်ပါကြောင်း ထပ်မံ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၂။ မြန်မာသံရုံး၊ ရောမမြို့၏ ၇-၈-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၆/၂၀၂၀) ဖြင့် ထုတ်ပြန်ကြေညာခဲ့သော မြန်မာသံရုံး၊ ရောမမြို့မှ လက်ခံရရှိသည့် ပုံစံ (၁၅) ပေးပို့သူများစာရင်းတွင် ပါဝင်သည့် မြန်မာနိုင်ငံသားများအနေဖြင့်လည်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများမှ ထုတ်ပြန်ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းများတွင် မိမိအမည်များ ပါဝင်ခြင်း ရှိ-မရှိ စစ်ဆေးကြည့်ရှုကြပါရန်နှင့် အကယ်၍ မဲစာရင်းတွင် မိမိတို့၏ အမည်များ မပါဝင်လျှင်ဖြစ်စေ၊ မဲစာရင်း သွားရောက် စစ်ဆေးရန် အခက်အခဲရှိလျှင်ဖြစ်စေ မဲစာရင်းတွင် မိမိအမည် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) တွင် ကိုယ်ရေးအချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်လျက် အိမ်ထောင်စုစာရင်း မိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့် အတူ မြန်မာသံရုံး၊ ရောမမြို့၏ အီးမေးလ်လိပ်စာ **generalelection2020merome@gmail.com** သို့ **၁၆-၈-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍** ပေးပို့ကြပါရန် အသိပေး ဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ရောမမြို့
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်